# အလယ်ချိုင့်(တ)ကျေးရွာ

# အလယ်ချိုင့်ကျေးရွာအုပ်စု

# တောင်သာမြို့နယ်

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် (၂၀၂၄ – ၂၀၂၈)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

အလယ်ချိုင့်(တ)ကျေးရွာ ၊ တောင်သာမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး

ဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၂၄ ခုနှစ် ၊ အောက်တိုဘာ လ

# မာတိကာ


| | | |
|---|---|---|
| စကားချီး | | ၃ |
| အလယ်ချိုင့်ကျေးရွာ၊ ကျေးရွာသယံဇာတပြမြေပုံ၊တောင်သာမြို့နယ် | | ၄ |
| အလယ်ချိုင့်ကျေးရွာ ၊ ကျေးရွာရာသီခွင်ပြပြက္ခဒိန် ၊ တောင်သာမြို့နယ် | | ၅ |
| အလယ်ချိုင့်ကျေးရွာ၊ အဖွဲ့အစည်းချိတ်ဆက်ပြပုံ ၊ တောင်သာမြို့နယ် | | ၆ |
| ၁။ | တည်နေရာနှင့်ပထဝီအနေအထား | ၇ |
| ၂။ | ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ | ၇ |
| ၃။ | ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ | ၇ |
| ၄။ | ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | ၈-၉ |
| ၅။ | စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ | ၉ |
| | (က) သီးနှံစိုက်ပျိုးရေး | ၉ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၉ |
| | (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | ၁၀ |
| | (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၁၀ |
| ၆။ | အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ | ၁၀ |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | ၁၀ |
| | (ခ) ကျေးရွာမီးလင်းရေး | ၁၀ |
| | (ဂ) သတင်းနှင့်ဆက်သွယ်ရေး | ၁၁ |
| ၇။ | ပညာရေး | ၁၁ |
| ၈။ | ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | ၁၁ |
| ၉။ | ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၂ |
| ၁၀။ | ကျား-မ ရေးရာကိစ္စရပ်များ | ၁၂ |
| ၁၁။ | ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ | ၁၃ |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | ၁၄ |
| | နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | ၁၅-၆၀ |
| | နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား | ၆၁-၆၂-၆၃ |
| | နောက်ဆက်တွဲ(၄) ဦးစားပေးစီမံချက်များ | ၆၄-၆၅ |
| | နောက်ဆက်တွဲ(၅) အကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလသတ်မှတ်ခြင်း | ၆၆-၆၇ |
| | နောက်ဆက်တွဲ(၆) စီမံကိန်းအဆိုပြုလွှာများ | ၆၈-၆၉၏ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၄-၂၀၂၅ ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၈-၂၀၂၉ခု ဘဏ္ဍာရေးနှစ်အထိ(၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ ပထမဦးဆုံးသောလူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်ဖြစ်ပါသည်။ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင် ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့ တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့် သတင်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများ၊ လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် ဦးစားပေးလုပ်ငန်းအစီအစဉ်တို့ပါဝင်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
အလယ်ချိုင့်(တ)ကျေးရွာ၊ တောင်သာမြို့နယ်

၂၀၂၄ခုနှစ် ၊အောက်တိုဘာ လ

**၁. တောင်သာမြို့ အလယ်ချိုင့်အုပ်စုအလယ်ချိုင့်(တ)ကျေးရွာ၏သယံဇာတပြမြေပုံ**



၂၀၂၄ခုနှစ် ၊အောက်တိုဘာ လ

## ၁. တောင်သာမြို့ အလယ်ချိုင့်အုပ်စု၊အလယ်ချိုင့်(တ)ကျေးရွာ၏ရာသီခွင်ပြပြက္ခဒိန်



၂၀၂၄ခုနှစ် ၊အောက်တိုဘာ လ

**တောင်သာမြို့ အလယ်ချိုင့်အုပ်စု၊အလယ်ချိုင့်(တ)ကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်ပြပုံ**



## ၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

အလယ်ချိုင့်(တ)ကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်တွင်ပါဝင်သော ကျေးရွာတစ်ရွာဖြစ်ပြီး တောင်သာမြို့၏ အရှေ့ဘက်(၂)မိုင်ခန့်တွင် တည်ရှိပါသည်။ကျေးရွာ၏ အရှေ့ဘက်တွင် အလယ်ချိုင့်(ရ)ကျေးရွာ၊ အနောက်ဘက်တွင် ယာခင်းများ၊ မြောက်ဘက်တွင် အလယ်ချိုင့်(မ)ကျေးရွာ၊ တောင်ဘက်တွင် တောင်သာရေလှောင်တမံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျှက်ရှိပါသည်။အလယ်ချိုင့်(တ)ကျေးရွာ၏ အကျယ်အဝန်းမှာ (၁၅)ကေခန့်ကျယ်ဝန်းပြီး အနီးဆုံးမြို့မှာ တောင်သာမြို့ဖြစ်ပါသည်။အလယ်ချိုင့်(တ)ကျေးရွာသည် တောင်သာ-နွားထိုး လမ်းမကြီး၏ အရှေ့ဘက်ကပ်လျက်တွင် တည်ရှိပါသည်။ အလယ်ချိုင့်(တ) ကျေးရွာသည် တောင်သာမြို့မှ အလယ်ချိုင့်(တ)ကျေးရွာထိ ကတ္တရာလမ်းဖြင့်(၁)မိုင်၊ ကတ္တရာလမ်းမှ ကျေးရွာထိ ကွန်ကရစ်လမ်းဖြင့်(၁)မိုင်ခန့် ဖြစ်ပြီးအချိန်မရွေး သွားလာမှုလွယ်ကူပါသည်။ အလယ်ချိုင့်(တ) ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သော ကျေးရွာဖြစ်ပြီး ကျေးရွာပတ်ဝန်းကျင်ရှိ ယာမြေများမှာမြေဆီ မြေဩဇာ သင့်တင့်ကောင်းမွန်သော ယာမြေများဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

အလယ်ချိုင့်(တ)ကျေးရွာ၏ရာသီဥတုအနေအထားမှာ သာမန်အားဖြင့်နွေရာသီတွင် အပူချိန်၄၁ံCရှိတက်ပါသည်။ယခုနှစ်မိုးရာသီတွင်မိုးရွာသွန်းမှုအသင့်အတင့်ရှိပါသည်။ စိုက်ပျိုးရေးအတွက် မိုးရွာသွန်းမှုကို မှီခို၍စိုက်ပျိုးကြသည်။မိုးရွာသွန်းမှုသင့်တင့်သောကြောင့် သီးနှံအထွက်နှုန်းမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ယာမြေ၊တောင်ယာမြေ နှင့် ဥယျာဉ်ခြံမြေ စုစုပေါင်းကေ (၁၀၁ )ကေရှိပါသည်။မိုးရာသီတွင် အဓိကစိုက်ပျိုး သီးနှံများမှာ နှမ်း၊ မြေပဲ၊ ပဲစင်ငုံနှင့် ဝါ ၊ ပြောင်း များဖြစ်ပါသည်။အလယ်ချိုင့်(တ) ကျေးရွာတွင် သတ္တုနှင့်အခြားတွင်းထွက်များမထွက်ရှိပါ။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

အလယ်ချိုင့်(တ)ကျေးရွာသည် လူထုအခြေပြုအဖွဲ့အစည်းများတွင် ရပ်မိ/ရပ်ဖအဖွဲ့၊ အုပ်ချုပ် ရေးအဖွဲ့တို့သည် ကျေးရွာ၏ ပညာရေး၊ကျန်းမာရေး၊ သာသနာရေး၊ သာရေး/နာရေး အခြားလူမှု ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းစည်းလုံးလုံးပါဝင်လုပ်ဆောင်နေကြပါသည်။ ကျေးရွာ၏သာရေ/နာရေးလူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်းလုပ်ဆောင်ကြပါသည်။ကျောင်း အကျိုးတော်ဆောင်အဖွဲ့သည် ကျေးရွာစာသင်ကျောင်းရှိ ဆရာ/ဆရာ များနှင့်ပူးပေါင်း၍ ကျေးရွာ ၏ ပညာရေးကဏ္ဍတိုးတက်လာစေရေးအတွက်

လုပ်ဆောင်လျက်ရှိပါသည်။ ဓမ္မစကြာဝတ် အသင်းအဖွဲ့သည် ကျေးရွာ၏ ဘာသာရေး၊ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး စသည့်အပိုင်းတို့တွင် ပါဝင်ဆောင်ရွက်ကြပါသည်။

### ၄။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်နှမ်း၊မြေပဲ၊ဝါ၊ပဲစင်ငုံနှင့်ပြောင်းကို အဓိကစိုက်ပျိုးကြသည်။သီးနှံများမှာ မိုးရွာသွန်းမှုအပေါ်မှီခို၍ စိုက်ပျိုးကြသည်။စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာ ဝန်ဆောင်မှုများ ရရှိနိုင်ကြသည်။ကျေးရွာတွင်မွေးမြူရေးကဏ္ဍအနေဖြင့် လယ်ယာလုပ်ငန်းတွင် အသုံးပြုရန်အတွက် နွားကိုအဓိကထားမွေးမြူကြသည်။တစ်ပိုင်တစ်နိုင်စီးပွားရေးအနေဖြင့်နွား၊ဝက်နှင့် ကြက် မျိုးစိတ်များကို မွေးမြူကြပါသည်။ ကျေးရွာတွင်အလုပ်လုပ်နိုင်သော လူဦးရေအများအပြား ရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းများဖြစ်သော လက်သမား၊ ပန်းရံလုပ်ငန်းလုပ်ကိုင်သူများ၊ တိရစ္ဆာန်မွေးမြူသူများ၊ပညာရေးဝန်ထမ်းများနှင့် ပြည်ပသို့သွားရောက် လုပ်ကိုင်သူများရှိပါသည်။ ကျေးရွာတွင်အလယ်တန်းကျောင်းရှိပါသည်။ မူလတန်းကျောင်းတက်နှုန်းလည်းမြင့်မားပါသည်။ ကျေးရွာတွင် အလယ်တန်းကျောင်းဖြစ်သဖြင့် မူလတန်းနှင့်အလယ်တန်းပညာကို ကျေးရွာတွင် သာသင်ကြားနိုင်ပြီး အထက်တန်းပညာကို ကျေးရွာနှင့်(၂)မိုင်ခန့်ကွာဝေးသော တောင်သာမြို့သို့ သွားရောက်သင်ကြားရပါသည်။အလယ်ချိုင့်(တ)ကျေးရွာတွင် ကျေးလက်ဆေးပေးခန်း မရှိသောကြောင့်ကျေးရွာနှင့်(၂)မိုင်ခန့်ဝေးသောတောင်သာမြို့ရှိဆေးပေးခန်းများသို့ အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုများကို သွားရောက်ကုသကြပြီး အရေးပေါ်နှင့်ရောဂါကြီးများကို တောင်သာမြို့ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသကြပါသည်။ ကျေးရွာတွင်အများပိုင် ရေလှောင်ကန်(၁)ကန်၊ အများပိုင်တွင်းကျယ်(၁)တွင်း၊မြေသားကန်(၁)ကန်နှင့် မိုးရေသိုလှောင်ကန်(၁၀၇)ကန် ရှိပါသည်။ မြေသားကန်နှင့် မိုးရေသိုလှောင်ကန် စုစုပေါင်း(၁၀၈)ကန်ရှိသည်အနက် မိုရေလှောင်ကန်နှင့် မြေသားကန်မှ ရေများသာ ရေချိုဖြစ်သဖြင့် သောက်ရေ အဖြစ်အသုံးပြုနိုင်ပြီး ကျန်တွင်းကျယ်(၁)တွင်းမှာ အများပိုင်ရေလှောင်ကန်မှရေကိုသုံးရေအဖြစ်သာ အသုံးပြုနိုင်ပါသည်။ ရေကန်များမှာ နွေးမိုး၊ဆောင် လုံလောက်မှုရှိပါသည်။ ရေအရည်အသွေး စစ်ဆေးခြင်း ကိုမူစစ်ဆေးရခြင်း မရှိသေးပါ။ ကျေးရွာတွင် ယင်လုံအိမ်သာ သုံးစွဲမှုအနေဖြင့် အိမ်ထောင်စု (၉၂)စုရှိပြီး ရေဆွဲအိမ်သာသုံးစွဲသောအိမ်ထောင်စု(၁)စုရှိပြီးကျန်းမာရေး အသိပညာရှိပါသည်။ အလယ်ချိုင့်(တ)ကျေးရွာသည် တောင်သာ-နွားထိုးကြီးလမ်းမကြီး၏ အရှေ့ဘက်ကပ်လျက်တွင် တည်ရှိပါသည်။ အလယ်ချိုင့်(တ)ကျေးရွာသည် တောင်သာမြို့မှ အလယ်ချိုင့်(တ)ကျေးရွာထိ ကတ္တရာလမ်းဖြင့်(၁)မိုင်၊ ကတ္တရာလမ်းမှ ကျေးရွာထိ ကွန်ကရစ် လမ်းဖြင့်(၁)မိုင် ခန့်ဖြစ်ပြီး အချိန်မရွေးသွားလာမှု လွယ်ကူပါသည်။ အလယ်ချိုင့်(တ)ကျေးရွာ သည် စိုက်ပျိုးရေး လုပ်ငန်းကို အဓိကလုပ်ကိုင်သော ကျေးရွာဖြစ်ပြီး ကျေးရွာပတ်ဝန်းကျင်ရှိ ယာမြေများမှာ မြေဆီမြေသြဇာ

သင့်တင့်ကောင်းမွန် သောယာမြေများဖြစ်ပါသည်။ကျေးရွာတွင် ဘာသာရေးကို အခြေခံ၍ဖွဲ့စည်း ထားသောဓမ္မာစကြာ အဖွဲ့(၁)ဖွဲ့နှင့် လူမှုရေးကိုအခြေခံ၍ ဖွဲ့စည်းထားသောအဖွဲ့(၄)ဖွဲ့ စုစုပေါင်းအဖွဲ့အစည်း (၅)ဖွဲ့ရှိပါသည်။ ကျေးရွာ၏ သာရေး၊ နာရေး၊ဖွံ့ဖြိုးရေး လုပ်ငန်းများကို ကျေးရွာမှ လူထုအားလုံး စုပေါင်း၍ ဆောင်ရွက်ကြပါသည်။ ကျေးရွာမှာအဖွဲ့ အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အသင့်အတင့်ရှိကြသည်။ အလယ်ချိုင့်(တ)ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာစီမံခန့်ခွဲမှုတွင် အုပ်ချုပ်ရေးမှူး၊ ရွာခွဲတာဝန်ခံနှင့် ကျေးရွာ ရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် ပူးပေါင်းညှိနှိုင်း၍ဖွံ့ဖြိုးရေးလုပ်ငန်း များတွင် စီမံဆောင်ရွက် စေခြင်း၊ပညာရေးဆိုင်ရာ လုပ်ငန်း များတွင် စာသင်ကျောင်း၏အကျိုးတော်ဆောင်ကော်မတီများ ဖွဲ့စည်း၍စီမံဆောင်ရွက်စေခြင်း၊ သာရေး၊ နာရေးလုပ်ငန်းများ တွင်သုံးစွဲနိုင်ရန် အတွက် ကျေးရွာပိုင်ပစ္စည်းများ ထိန်းသိမ်းခြင်း၊ ကျေးရွာရန်ပုံငွေရှာဖွေခြင်းများ လုပ်ဆောင်နိုင်ရန် အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီများဖွဲ့စည်း၍ စီမံခန့်ခွဲစေခြင်း၊ လူငယ်အဖွဲ့များ၊ အမျိုးသမီး အဖွဲ့များမှ စီမံခန့်ခွဲဆောင်ရွက်စေခြင်းစသောဖွံ့ဖြိုးရေး ဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အဖွဲ့အစည်းအလိုက် တာဝန်ပေးအပ်၍ လုပ်ကိုင်ဆောင်ရွက်ကြ ပါသည်။

**၅။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ**

(က) **သီးနှံစိုက်ပျိုးရေး။** ။ကျေးရွာတွင်နှမ်း၊မြေပဲ၊ပဲစင်းငုံနှင့်ပြောင်းကိုအဓိက စိုက်ပျိုးကြသည်။ သီးနှံများမှာမိုးရွာသွန်းမှုအပေါ် မှီခို၍စိုက်ပျိုးကြသည်။ စိုက်ပျိုး ရေးဦးစီးဌာနမှနည်းပညာဝန်ဆောင်မှုများရရှိနိုင်ကြသည်။ယခုနှစ်တွင် စိုက်ပျိုးမြေ အရည်အသွေး သင့်တင့်ကောင်းမွန်သောကြောင့် မိုးရွာသွန်းမှု အသင့်အတင့် ကောင်းမွန်သောကြောင့် သီးနှံအထွက်နှုန်းမှာလည်း အသင့်အတင့် ကောင်းမွန်ပါ သည်။လယ်ယာလုပ်ငန်းကို အဓိကထားစိုက်ပျိုးသည့်ကျေးရွာဖြစ်သည့်အတွက် စိုက်ပျိုးသီးနှံများအထွက်နှုန်းတိုးရန်စိုက်ပျိုးရေးနည်းပညာ သင်တန်းများဖွင့်လှစ် ပေးရန်လိုအပ်သည်။

(ခ) **မွေးမြူရေးလုပ်ငန်း။** ။ကျေးရွာတွင် မွေးမြူရေးကဏ္ဍအနေဖြင့်လယ်ယာ လုပ်ငန်းတွင်အသုံးပြုရန်အတွက်နွားကိုအဓိကထားမွေးမြူကြသည်။ ကျေးရွာတွင် တစ်ပိုင်တစ်နိုင်မွေးမြူရေးကဏ္ဍအနေဖြင့် တစ်ချို့အိမ်ထောင်စုများမှာ ဝက်နှင့် ဆိတ်နှင့်သိုးများကို မွေးမြူကြပါသည်။ကျေးရွာတွင် တစ်ပိုင်တစ်နိုင်မွေးမြူရေး ကဏ္ဍအနေဖြင့် စီးပွားဖြစ်မွေးမြူနိုင်ပါက စီးပွားရေးပိုမိုအဆင်ပြေလာနိုင်ပါသည်။ တိရစ္ဆာန်များမှာရာသီအလိုက်ဖြစ်တက်သောရောဂါများကြောင့်လည်း ဆုံးမှုများ ရှိတက်ပါသည်။သို့ဖြစ်ပါ၍တိရစ္ဆာန်ကာကွယ်ဆေးပုံမှန်ထိုးပေးရန်လိုအပ်ပါသည်။

(ဂ) **စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ။** ။စိုက်ပျိုးမွေးမြူရေး မရှိသောသူအများစုမှာ ပညာရေးဝန်ထမ်း၊ တိရစ္ဆာန်မွေးမြူးခြင်း ၊ ပြည်ပသို့ သွားရောက်လုပ်ကိုင်ခြင်း၊တောင်သူနေ့စား၊ ဈေးရောင်းနှင့် ပန်းရံလုပ်ငန်းများ လုပ်ကိုင်ကြသည်။ ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်ကိုင်နေကြသော်လည်း ကျွမ်းကျင်မှုအားနည်းကြသည်။လျှပ်စစ်မီးရရှိသော်လည်းအသက်မွေးဝမ်းကြောင်း နည်းပညာဝန်ဆောင်မှုများမရှိခြင်း၊ အသက်မွေးဝမ်းကြောင်းပြုသော ပညာကို ကျွမ်းကျင်စွာတက်မြောက်မှုမရှိခြင်းကြောင့် အသက်မွေးဝမ်းကြောင်းသင်တန်း များ ဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။

(ဃ) **ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု။** ။အလယ်ချိုင့်(တ)ကျေးရွာရှိ တောင်သူအချို့မှာ ပဒပ်မြန်မာနှင့်သမ တို့မှချေးငွေ ရရှိကြသည်။စိုက်စရိတ် ချေးငွေ မလုံလောက်ခြင်းနှင့်ထုတ်ချေးသည့် အချိန်နှင့်သီးနှံစိုက်ပျိုးသည့် အချိန် မကိုက်ညီ ခြင်းစသည့် အခက်အခဲများရှိသည်။

**၆။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

(က) **ကျေးလက်သယ်ယူပို့ဆောင်ရေး။** ။အလယ်ချိုင့်(တ)ကျေးရွာတွင် သယ်ယူပို့ ဆောင်ရေးအတွက် မော်တော်ဆိုင်ကယ်နှင့်ကားများကိုအသုံးပြုကြပြီး လယ်တော ထုတ် ကုန်များကိုမူ နွားလှည်း၊ ထွန်းစက်များဖြင့် သယ်ယူကြသည်။ အလယ်ချိုင့် (တ)ကျေးရွာသည် တောင်သာ-နွားထိုးကြီးလမ်းမကြီး၏ အရှေ့ဘက်(၁)မိုင်ခန့် တွင်တည်ရှိ ပါသည်။အလယ်ချိုင့်(တ)ကျေးရွာသည် တောင်သာမြို့မှ အလယ်ချိုင့် (တ)ကျေးရွာထိ ကတ္တရာလမ်းဖြင့် (၁)မိုင်၊ ကတ္တရာလမ်းမှ ကျေးရွာထိ ကွန်ကရစ် လမ်းဖြင့်(၁)မိုင်ခန့်ဖြစ်ပြီးအချိန်မရွေး သွားလာမှုလွယ်ကူပါသည်။

(ခ) **ကျေးရွာမီးလင်းရေး။** ။အလယ်ချိုင့်(တ)ကျေးရွာသည်လျှပ်စီးမီးရရှိပါသည်။ ကျေးရွာတွင်အိမ်ထောင်စု (၉၃)စုရှိပြီး ကျေးရွာ၏အိမ်ထောင်စု(၆၀)စုမှာ မဟာ ဓါတ်အားလိုင်းကို အသုံးပြုပြီး အိမ်ထောင်စု(၃၃)စုမှာဆိုလာမီးကို အသုံးပြုခြင်း ဖြင့် မီးလင်းရေးကို သုံးစွဲလျှက်ရှိပါသည်။

(ဂ) **သတင်းနှင့်ဆက်သွယ်ရေး။** ။အလယ်ချိုင့်(တ)ကျေးရွာတွင် ဖုန်းတိုင်များ ကျေးရွာအနီးတွင် ရှိသောကြောင့် ဆက်သွယ်ရေးဆိုင်ရာ ကောင်းမွန်ပါသည်။ လျှပ်စစ်မီးရရှိ သောကြောင့် TV၊စလောင်းမှ ဗဟုသုတ အစီအစဉ်များလည်း ကြည့်ရှုနိုင်ကြသည်။

## ၇။ ပညာရေး

အလယ်ချိုင့်(တ)ကျေးရွာတွင်အလယ်တန်းကျောင်းဖြစ်သဖြင့်မူလတန်းနှင့် အလယ်တန်းပညာကိုကျေးရွာတွင်သာ သင်ကြားနိုင်ပြီး အထက်တန်းပညာကို ကျေးရွာနှင့်(၂)မိုင်ခန့်ဝေးသော တောင်သာမြို့သို့ သွားရောက်သင်ကြားရပါသည်။အုတ်နံရံ၊သွပ်မိုးကျောင်းဆောင် (၃)ဆောင်နှင့် ထရံကာ၊ သွပ်မိုး(၁)ဆောင် စုစုပေါင်း(၄)ဆောင်ရှိပြီး ထရံကာ၊ သွပ်မိုးကျောင်း ဆောင်(၁)ဆောင်မှာ ပြုပြင်ရန်လိုအပ်လျက်ရှိပါသည်။ကျောင်းသုံးပရိဘောဂနှင့် စာရေးကိရိယာ များမလုံလောက်ပါ။ မသန်းစွမ်းသူများအတွက် အထူးအစီအစဉ်မရှိပါ။ မူလတန်းကျောင်း တက်နှုန်းမြင့်မားပါသည်။ အလယ်တန်း၊ အထက်တန်းနှင့်တက္ကသိုယ်သို့ တက်ရောက်နိုင်ရန် အတွက် ငွေကြေးအခက်အခဲများကြောင့် တက်ရောက်နိုင်သူ နည်းပါးပါသည်။

## ၈။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

အလယ်ချိုင့်(တ)ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိသောကြောင့် ကျေးရွာနှင့်(၂) မိုင်ခန့် ဝေးသော တောင်သာမြို့ ဆေးပေးခန်းများသို့ အခြေခံကျန်းမားရေး စောင့်ရှောက်မှုများကို သွားရောက်ကုသကြပြီး အရေးပေါ်နှင့်ရောဂါကြီးများကို တောင်သာမြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသကြပါသည်။ကျေးရွာတွင်အများပိုင် ရေလှောင်ကန်(၁)ကန်၊ မြေသားကန် (၁)ကန်၊ မိုးရေသိုလှောင်ကန်(၁၀၇)ကန် ရှိပါသည်။ မြေသားကန်နှင့်မိုးရေလှောင်ကန် စုစုပေါင်း (၁၀၈)ကန် ရှိသည်အနက် မိုရေလှောင်ကန်နှင့် မြေသားရေကန်မှ ရေများသာ ရေချို ဖြစ်သဖြင့် သောက်ရေအဖြစ် အသုံးပြုနိုင်ပြီး အများပိုင်တွင်းကျယ်(၁)တွင်းနှင့် အများပိုင် ရေလှောင်ကန်မှ ရေကို သုံးရေအဖြစ်သာ အသုံးပြုနိုင်ပါသည်။ ရေကန်များမှာ နွေး၊မိုး၊ ဆောင်း လုံလောက်မှုရှိပါသည်။ ရေအရည်အသွေး စစ်ဆေးခြင်းကိုမူ စစ်ဆေးရခြင်း မရှိသေးပါ။ ကျေးရွာတွင် ယင်လုံအိမ်သာ သုံးစွဲသော အိမ်ထောင်စု(၉၂) စုနှင့် ရေဆွဲအိမ်သာသုံးစွဲသောအိမ်ထောင်စု (၁)စု ရှိပါသည်။

## ၉။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

အလယ်ချိုင့်(တ)ကျေးရွာရှိစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်ခြင်းကြောင့်ပိုးသတ်ဆေး နှင့် ဓာတု မြေသြဇာများသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများနေအဖြင့်ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစားဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှု များပြားသည်။စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်းပလပ်စတစ်အိတ်၊ ပုလင်းခွံ၊ ဗူးခွံများကိုစနစ် တကျမစွန့်ပစ်ကျသဖြင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာအသိပညာ ပေးလုပ်ငန်း များမြင့်တင် ဆောင်ရွက်ပေးသင့်သည်။ကျေးရွာတွင် အပူချိန်မြင့်မား၍ မိုးခေါင်ခြင်းတို့ကြောင့်

စိုက်ပျိုးရေ ရှားပါးမှုနှင့် ကြုံတွေ့ရပြီးလေပြင်းများတိုက်ခတ်ခြင်း၊ မိုးသီးများကြွေကျခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းနိုင်ခြင်းတို့ကြောင့်လူနေအိမ်များပျက်စီးနိုင်ခြင်း၊စိုက်ပျိုးသီးနှံများ ဆုံးရှုံးနိုင်ခြင်း စသောအန္တရာယ်များလည်း ဖြစ်ပေါ်လာနိုင်ပါသည်။သို့ပါ၍ သဘာဝဘေး အန္တရာယ်ကြိုတင် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားသင့်ပါသည်။

**၁၀။ ကျား-မ ရေးရာကိစ္စရပ်များ**

အလယ်ချိုင့်(တ)ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာအနေအထားမှာလွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာဆိုင်ရာတာဝန်ယူမှုအပိုင်းတွင်မူ ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရကောင်းစွာ သတ်မှတ်ထားမှုမရှိ၍ ဆောင်ရွက်နိုင်မှုအားနည်းကြသည်။ ကျေးရွာတွင်ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြား ဆက်ဆံခြင်း ကိစ္စများမတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည်သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေး တူညီစွာ ရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။

အလယ်ချိုင့်(တ)ကျေးရွာတွင် ဓမ္မာစကြာအဖွဲ့(၁)ဖွဲ့ရှိပြီးနှစ်စဉ်ဝါတွင်းကာလ လပြည့် ၊ လကွယ်နေ့များတွင် သံဃာဆွမ်းလောင်းခြင်း၊ ဓမ္မာစကြာရွတ်ဖတ်ပူဇော်ခြင်း၊ ပဋ္ဌာန်းဒေသနာများရွတ်ဆိုပူဇော်ကြပါသည်။ သီးတင်းကျွတ်လတွင် ကျေးရွာဘုရားပွဲရှိ၍ ဆွမ်းလောင်းလှူကြသည်။ ကျေးရွာရှိ ပညာရေး၊ကျန်းမာရေးလုပ်ငန်းများတွင် အမျိုးသားများနှင့် တန်းတူရင်ဘောင်တန်း၍ ပူးပေါင်းဆောင်ရွက် ကြပါသည်။

စိုက်ပျိုးရေးတွင်လုပ်ကိုင်ကြသောအမျိုးသားများ၏ ပျမ်းမျှတစ်ရက်အများဆုံးလုပ်အားခမှာ (၁၀၀၀ဝိ/-) ကျပ်နှင့် အမျိုးသမီးများအတွက်လုပ်အားခ(၆၀၀ဝိ/-)ရရှိပြီး အမျိုးသားများအတွက် အနည်းဆုံးလုပ်အားခ (၈၀၀ဝိ/-) နှင့်အမျိုးသမီးများအတွက် (၅၀၀ဝိ/-)ရရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းများတွင်ကျွမ်းကျင်သောလက်သမား၊ပန်းရံလုပ်သားများအတွက်လုပ်အားခ(၁၂၀၀ဝိ/-) ရရှိပြီးနောက်လိုက်လုပ်သားအတွက် လုပ်အားခ(၆၀၀ဝိ/-)နှင့် အမျိုးသမီးများအတွက်လုပ်အားခ (၅၀၀ဝိ/-)ရရှိပါသည်။နေ့တွက်လုပ်အားခများတွင်အမျိုးသားများကအမျိုးသမီးများထက်လုပ်အားခ ပိုမိုရရှိကြသည်။

## ၁၁။ ၅. ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | စီမံချက်အမည် | ဦးစားပေး အဆင့် |
|---|---|---|
| ၁ | ဆိုလာရေသန့်စနစ်နှင့်ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | ၁ |
| ၂ | ရွာအဝင်လမ်းပြုပြင်ခြင်း | ၂ |
| ၃ | မြစိမ်းရောင်ကျေးရွာစီမံကိန်း | ၃ |
| ၄ | မီးကြိုးမီးတိုင်တိုးချဲ့သွယ်တန်းခြင်း | ၄ |
| ၅ | ရေပိုက်လိုင်းသွယ်တန်းခြင်း | ၅ |

## အလယ်ချိုင့်(တ)ကျေးရွာ ၊အလယ်ချိုင့်ကျေးရွာအုပ်စုကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးချစ်ဆွေ | ဦးမြစိုး | ၉၀၆၃၈၆၂(နိုင်)တသန/ | ၆၀ | ဥက္ကဌ | ၀၉၇၇၁၉၉၈၁၅၅- |
| ၂ | ဦးဝင်းမောင် | ဦးစိန်မောင် | ၉၀၆၃၇၃၈(နိုင်)တသန/ | ၅၉ | ဝယ်ယူရေးဥက္ကဌ | ၀၉၇၉၈၅၃၈၅၉၅- |
| ၃ | ဦးမြင့်ထွန်း | ဦးမြသောင်း | ၉၀၆၃၉၁၅(နိုင်)တသန/ | ၅၅ | ဘဏ္ဍာရေးမှူး | ၀၉၄၀၂၅၂၅၀၉၈- |
| ၄ | ဦးတင်ကိုကိုချစ် | ဦးငွေသောင်း | ၉၀၉၆၅၄၈(နိုင်)တသန/ | ၄၄ | စာရင်းကိုင် | ၀၉၇၉၆၁၆၅၈၈၃- |
| ၅ | ဦးထွန်းကြည် | ဦးပု | ၉၀၇၄၇၈၃(နိုင်)တသန/ | ၆၇ | အဖွဲ့ဝင် | - |
| ၆ | ဦးစံဝင်း | ဦးဘထိုက် | ၉၀၆၈၇၀၅(နိုင်)တသန/ | ၆၉ | အဖွဲ့ဝင် | ၀၉၂၅၆၀၉၈၉၈၉- |
| ၇ | ဒေါ်ထွေးကြည် | ဦးမြစိုး | ၉၀၇၄၇၈၁(နိုင်)တသန/ | ၅၇ | အဖွဲ့ဝင် | - |
| ၈ | ဒေါ်မြဆွေ | ဦးဘိုရွှေ | ၉၁၂၄၄၇၆(နိုင်)တသန/ | ၄၁ | အဖွဲ့ဝင် | ၀၉၄၀၂၇၅၅၈၄၄- |
| ၉ | ဒေါ်စိုးမိုးလှိုင် | ဦးဝင်းမောင် | ၉၁၃၉၅၈၆(နိုင်)တသန/ | ၄၂ | အဖွဲ့ဝင် | ၀၉၂၅၆၅၃၀၁၇၈- |
| ၁၀ | ဒေါ်မျိုမျိုးသန့် | ဦးသိန်းထွန်း | ၉၁၈၂၉၄၂(နိုင်)တသန/ | ၃၂ | အဖွဲ့ဝင် | - |
| ၁၁ | ဦးမြညိမ်း | ဦးနီစပ် | ၉၀၉၈၁၅၄(နိုင်)တသန/ | ၇၂ | အတွင်းရေးမှူး | ၀၉၂၅၆၀၀၂၈၁၁- |

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | - | ၃ | ၃ | | |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၇ | ၁၅ | ၂၂ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၇ | ၁၆ | ၃၃ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၈ | ၁၃ | ၂၁ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၂၀ | ၁၂၅ | ၂၄၅ | | |
| ၆၅ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၅ | ၁၆ | ၃၁ | | |
| စုစုပေါင်း | | ၁၆၇ | ၁၈၈ | ၃၅၅ | | |
| စုစုပေါင်း အိမ်ထောင်စု | | ၉၃ | | | | |

ရင်းမြစ်...(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက်(၁)နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ် ဆိုသည်မှာ အသက် (၁)နှစ်ပြည့်အရွယ်မှ (၅)နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာ အသက်(၅)နှစ်ပြည့်သည်မှအသက်(၁၀)နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာ အသက်(၁၀) နှစ်ပြည့်သည်မှ အသက်(၁၅)နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ် ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့် သည်မှ အသက်(၆၅)နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာ အသက်(၆၅)နှစ်ပြည့် အရွယ် နှင့်၎င်းထက်အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ။အလယ်ချိုင့်(တ)ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၉၃)စုရှိ၍ လူဦးရေမှာ ကျား(၁၆၇)ဦးနှင့်မ(၁၈၈)ဦး စုစုပေါင်း(၃၅၅)ဦးရှိပါသည်။တစ်အိမ်ထောင်ပျှမ်းမျှလူဦးရေမှာ (၃.၈၂)ဦး ဖြစ်သဖြင့် နိုင်ငံတကာလူဦးရေနှင့်နှိုင်းယှဉ်လျှင် ဖွံ့ဖြိုးမှုသင့်တင့်ပါသည်။တစ်နှစ်အောက် ကလေးငယ်မှာ (၀.၈၅%)၊၁နှစ်မှ၃နှစ်အထိ(၆.၂%)၊၅နှစ်မှ၉နှစ်အထိ(၉.၃%)၊ ၁၀နှစ်မှ၁၄နှစ် အထိ (၅.၉၂%)၊ ၁၅နှစ် မှ ၆၄နှစ်အထိ(၆၉.၀၁%)နှင့်၆၅နှစ်နှင့်အထက်(၈.၇၃%)ဖြစ်ပါသည်။ ၁၅နှစ်မှ၆၄နှစ်အထိ အလုပ်လုပ်နိုင် သည့်အရွယ်ရာခိုင်နှုန်းမှာ (၆၉.၀၁%) ဖြစ်သဖြင့် မကြီးပင်တဲကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေ များရှိပါသည်။ အလုပ်လုပ်နိုင်သောအရွယ်တွင် ပြည်တွင်းပြည်ပသို့ သွားရောက် လုပ်ကိုင်နေသူ များလည်း ပါဝင်ပါသည်။

(ခ)အလုပ်လုပ်နိုင်သူအင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခု ကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၉ | ၈၇ | ၉ | ၄၇ | ၄၀ | ၁၇ | မြင့် ☐ လတ်☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☑ လတ်☐နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | - | ၁ | ၁ | | မြင့် ☐ လတ်☐နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | - | ၂ | - | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့် လတ်☐နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခု ကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☑ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၉ | ၁၈ | - | ၁၅ | ၃ | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၆ | ၁၂ | | ၆ | ၆ | | မြင့် ☐ လတ်☐နိမ့် ☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၁ | လက်လီ–လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၃ | ၁၅ | | ၅ | ၁၀ | | မြင့် ☐ လတ်☐နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့်ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၆ | ၆ | – | ၆ | – | | မြင့် ☐ လတ်☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | ၅ | ၁၆ | ၃ | ၆ | ၁၀ | | မြင့် ☐<br>လတ်☐နိမ့် ☑ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့် မြင့် ☐<br>လတ်☐နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား /ကျပန်း/ရာသီ အလိုက် အလုပ်သမား | ၂၆ | ၅၂ | ၁၅ | ၂၀ | ၃၂ | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐နိမ့် ☐ |
| | စုစုပေါင်း | ၉၃ | ၂၁၀ | ၂၄ | ၁၀၈ | ၁၀၂ | ၁၇ | ☒ |

ရင်းမြစ်…(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။“**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ**”အရေအတွက်တွင် “ **မိသားစုဝင်လုပ်အား**” ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ “ **ရပ်တည်နိုင်မှု(နိမ့်၊လတ် ၊ မြင့်)**” ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ(သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်း အဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု၊ဝင်ငွေစသည့် အခြေအနေကိုဆိုလိုပါသည်။ ဥပမာ –“ **စိုက်ပျိုးရေးကဏ္ဍ** ”၏ “ **ကိုယ်ပိုင်လုပ်ငန်း** ”တွင်ရပ်တည်နိုင်မှု“ **မြင့်** ” ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်း များနေသည် ဝင်ငွေကောင်းနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။အလယ်ချိုင့်(တ)ကျေးရွာတွင် အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပြီး ပညာရေးဝန်ထမ်း၊ တိရစ္ဆာန်မွေးမြူးခြင်း၊ကားမောင်း ၊ပြည်ပသို့ သွားရောက်လုပ်ကိုင်ခြင်း၊တောင်သူနေ့စား၊ ဈေးရောင်းနှင့် ပန်းရံလုပ်ငန်းများ နှင့် အများစုမှာကြုံရာကျပန်းလုပ်ငန်းများကို လုပ်ကိုင်ကြပါသည် ကိုလေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား(၃)လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၀၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း(ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ် ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၂၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၅၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူစသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁)လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂)နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။အလယ်ချိုင့်(တ)ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားလုပ်အားခမှာ အမျိုးသားများအတွက်အများဆုံးလုပ်အားခ(၁၀၀၀ဝိ/-)နှင့် အမျိုးသမီးများ အတွက် လုပ်အားခမှာ(၆၀၀ဝိ/-)နှင့်အနည်းဆုံးခလုပ်အားခမှာအမျိုးသား(၈၀၀ဝိ/-)နှင့် အမျိုးသမီး (၅၀၀ဝိ/-)၊ပန်းရံ၊လက်သမားများ၏ဆရာအဆင့်လုပ်အားခမှာတစ်နေ့(၁၂၀၀ဝိ/-)ကျပ် နောက်လိုက် အဆင့်မှာ(၆၀၀၀/-)ရရှိနိုင်ကြသည်။အမျိုးသမီးများမှာအများဆုံး(၈၀၀ဝိ/-)နှင့်အနည်းဆုံး(၅၀၀ဝိ/) ရရှိကြပါသည်။နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရရှိကြသည်။ ဥပမာအားဖြင့် လုပ်အား သဘာဝနှင့် အင်အားစိုက်ထုတ်မှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများ ထက် လုပ်အားခလျော့နည်းပြီးရကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား(၄)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ယာမြေ/တောင်ယာမြေ | ၈၅ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၄ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | ၂ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | ၁၀ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၁၀၁ | ☒ |

ရင်းမြစ်...(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂)ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃)လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊(၄)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့်သီးစားခံယူ လုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး(သို့)မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။အလယ်ချိုင့်(တ)ကျေးရွာတွင် ယာမြေ၊ တောင်ယာမြေ စုစုပေါင်း (၁၀၁) ဧက ရှိပါသည်။ ယာမြေများမှာ မိုးရေကိုအဓိကထား၍စိုက်ပျိုးကြပါသည်။ ပင်လယ်ကမ်း ၊ မြစ်ကမ်းဘေးကျေးရွာ မဟုတ်သောကြောင့် ကိုင်း၊ ကျွန်း၊ ဓနိတော မြေများမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဂ-၂)ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ
## ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| **အမျိုးအစား** | **ကျေးရွာနှင့်အနီး ပတ်ဝန်းကျင် တွင်သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကို သာရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ် ကအခြေအနေ** (မှန်ရာတစ်ခုကို သာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက် သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ကျောက်မျက်စသည်။) | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ခက်☐ အသုံးမပြုနိုင်ပါ☐ | **လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐** |
| ကျောက်၊သဲ၊ကျောက်စရစ် စသည်များ | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☑ခက်☐ အသုံးမပြုနိုင်ပါ☐ | **လျော့☑ တိုး☐ အပြောင်းအလဲမရှိ☐** |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ်☐ခက်☑ အသုံးမပြုနိုင်ပါ☐ | **လျော့☑ တိုး☐ အပြောင်းအလဲမရှိ☐** |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☑ နည်း☐ မရှိ☐ | ☒ | **လျော့☐ တိုး☑ အပြောင်းအလဲမရှိ☐** |
| ရေ-မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊ စိမ့်စမ်း) | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ်☐ခက်☑ အသုံးမပြုနိုင်ပါ☐ | **လျော့☑ တိုး☐ အပြောင်းအလဲမရှိ☐** |
| ရေ-မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက် တူးတွင်း) | များ☐ သင့်☑ နည်း☐ မရှိ☐ | ☑ | **လျော့☐ တိုး☐ အပြောင်းအလဲမရှိ☑** |
| သစ်တော-အပူပိုင်းသစ်တော | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ်☐ခက်☑ အသုံးမပြုနိုင်ပါ☐ | **လျော့☑ တိုး☐ အပြောင်းအလဲမရှိ☐** |
| သစ်တော-ဒီရေတောများ | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ခက်☐ အသုံးမပြုနိုင်ပါ☐ | **လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐** |

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။အလယ်ချိုင့်(တ)ကျေးရွာအနီးပတ်ဝန်းကျင်တွင် နွားစားဆေးဖက်ဝင် အဖြစ် မြေပဲရိုး၊ ပြောင်းရိုး၊ ရှားစောင်းလပတ်၊ နွယ်ချို၊ ဆင်တုန်းမနွယ် အပင်များသာ အတော်အသင့် ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း(သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား(ဝင်ငွေ) အလွန်ကောင် | စီးပွား(ဝင်ငွေ) အသင့်အတင့် | စီးပွား(ဝင်ငွေ) နည်း | စီးပွား(ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | ၅ | ၃၉ | ၄၂ | ၇ |

ရင်းမြစ်…(၁)ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။အလယ်ချိုင့်(တ)ကျေးရွာသည် စိုက်ပျိုးရေးလုပ်ကိုင်ခြင်းကို အဓိကထား အသက်မွေးကြသော ကျေးရွာဖြစ်ပြီး အဆင်ပြေသောအိမ်ထောင်စုနှင့် အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ တောင်သူလယ်သမားကြီးများ လုပ်ကိုင်ခြင်းဖြစ်ပါသည်။မပြေလည်သော အိမ်ထောင်စုများလည်း မြေကေအနည်းငယ်ရှိသူများနှင့်မြေယာမဲ့များဖြစ်သည်။ ၎င်းအိမ်ထောင်စုများလည်း တောင်သူကူလီများနှင့် ကြာပန်းလုပ်ကိုင်သူများဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁)ဝမ်းစာဖူလုံမှု

**ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ---------------<br>အစာလျှော့စား = --------------- |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| | | အထောက်အပံ့ယူ = --------------- |
| | | ချေးယူ = --------------- |
| | | လုပ်အားခကြိုယူ = --------------- |
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | | အခြားအစားပြောင်းလဲစား = --------------- |
| | | အစားလျှော့စား = --------------- |
| | | အထောက်အပံ့ယူ = --------------- |
| | | ချေးယူ = --------------- |
| | | လုပ်အားခကြိုယူ = --------------- |
| ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု | | အခြားအစားပြောင်းလဲစား = --------------- |
| | | အစားလျှော့စား = --------------- |
| | | အထောက်အပံ့ယူ = --------------- |
| | | ချေးယူ = --------------- |
| | | လုပ်အားခကြိုယူ = --------------- |

ရင်းမြစ်..ဥစ္စာခံနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ -

## (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၄နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။
လေ့လာတွေ့ရှိချက်။ ။အလယ်ချိုင့်(တ) ကျေးရွာတွင်မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်အထက် မသန်းစွမ်းသည့်ပုဂ္ဂိုလ်မရှိပါ။ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စုများလည်းမရှိသည် ကိုလေ့လာတွေ့ရှိရပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

**ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့် ဘေးအန္တရာယ်လျော့ချရေး အစီအမံများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု အခြေအနေ(မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | စွမ်းဆောင်နိုင်မှု(ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | | | | | | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | | | | | | |
| ၃ | မုန်တိုင်းဒီရေ | | | | | | |
| ၄ | ဆူနာမီ | | | | | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | | | | | | |
| ၆ | လေဆင်နှာမောင်း | | | | | | |
| ၇ | ငလျင် | | | | | | |
| ၈ | အပူလှိုင်း | √ | | | √ | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | | | | | | |
| ၁၀ | အအေးလှိုင်း | √ | | | √ | | |
| ၁၁ | မိုးသီးကြွေကျမှု | | | | | | |
| ၁၂ | မိုးခေါင်းခြင်း | | √ | | √ | | |
| ၁၃ | တောမီးလောင်းခြင်း | | | | | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | | | | | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု အခြေအနေ(မှန်ရာ<u>တစ်ခု ကိုသာ</u> ရွေးရန်) | | | စွမ်းဆောင်နိုင်မှု(ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | | | | | | |
| ၁၆ | မြေပြိုခြင်း | | | | | | |
| | လူကြောင့်ဖြစ်တဲ့ ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | | | | | | |
| ၁၈ | သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊ရေ) | | √ | | √ | | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | | | | | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | √ | | | √ | | |
| ၂၁ | ငှက်ဖျားရောဂါ | | | | | | |
| ၂၂ | တီဘီရောဂါ | √ | | | √ | | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | | | | | | |
| ၂၄ | ကပ်ရောဂါ | | | | | | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | | | | | | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျဆင်းမှု | √ | | | √ | | |
| ၂၇ | လူကုန်ကူးခြင်း | | | | | | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည့် | | | | | | |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊**အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။**

